ပွတ္တိုင်ကျေးရွာ

ပွတ္တိုင်ကျေးရွာအုပ်စု

ကျောက်ဆည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပွတ္တိုင်ကျေးရွာ၊ ကျောက်ဆည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၂

၁. ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ပွတ္တိုင်ကျေးရွာ၏ သယံဇာတပြဓေပုံ ၃

၂. ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ပွတ္တိုင်ကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ပွတ္တိုင်ကျေးရွာ၏ **ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ** ၅

၄. ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ပွတ္တိုင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၁

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁


၄.ဈ။ ကျား – မ ရေးရာ ၁၂

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၄

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁. ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၅
- နောက်ဆက်တွဲ ၂. ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၆
- နောက်ဆက်တွဲ ၃. ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၂၂


၁. ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ပွတ္တိုင်ကျေးရွာ၏သယံဇာတပြမြေပုံ



၂. ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ပွတ္တိုင်ကျေးရွာ၏ရာသီခွင်ပြ ပြကွဒိန်



၃.ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ပွတ္တိုင်ကျေးရွာ၏ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၄. ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ပွတ္တိုင်ကျေးရွာ၏ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ပွတ္တိုင်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျောက်ဆည်မြို့၏ အနောက်ဘက်(၃)မိုင်(၆)ဖာလုံခန့်တွင် တည်ရှိပါသည်။ကျောက်ဆည်မြို့မှ တံတားဦးသို့သွားရာလမ်း၏ တောင်ဘက်ခြမ်းတွင်တည်ရှိပါသည်။ပွတ္တိုင်ကျေးရွာ ၏ အကျယ်အဝန်းမှာ (၆၀) ဧကခန့်ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာကျောက်ဆည်မြို့ဖြစ်ပါသည်။ ရွာ၏အရှေ့ မြောက်ဘက်(၆)ဖာလုံခန့်တွင် ပုထိုးတိုင်ကျေးရွာ၊ အရှေ့ဘက် (၇) ဖာလုံခန့်အကွာတွင် ငါးလုံကုန်း ကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ပွတ္တိုင်၊ ပုထိုးတိုင်၊ ငါးလုံကုန်းကျေးရွာ (၃) ရွာ တည်နေပုံမှာ ဖိုခနောက်ဆိုင် (သို့မဟုတ်) သုံးပွင့်ဆိုင်အနေအထားဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး နှင့် လူမှုစီးပွားဆက်ဆံရေးတို့မှာ အလွန်အဆင်ပြေလျက်ရှိပါသည်။ကတဲအုပ်စုမှ ရန်ပုံနှစ်၊ ကြက်ဆင် ရွာ(၂)ရွာသည် ပွတ္တိုင်ကျေးရွာ၏ တောင်ဘက်တွင် ရှိပါသည်။ ကျောက်ဆည်မြို့သို့ သွားသောအခါ ပွတ္တိုင်ကျေးရွာမှ ဖြတ်သန်း၍သွားရပါသည်။ ပွတ္တိုင်ကျေးရွာဟု ခေါ်ဆိုရခြင်းမှာ ရှေးလူကြီးအဘိုး အဘွားများပြောစကားအရကြားဖူးခဲ့သည်မှာကျေးရွာတွင်းမှီတင်းနေထိုင်ခဲ့ကြသော ရှေးအခေါ်ဗိသုကာ ပညာရှင်များ ယခုအခေါ်လက်သမားပညာရှင်များသည် သံဃာတော်များ သီတင်းသုံးနေထိုင်ရန် စု၊လစ်၊ မွန်၊ချွန်းပွတ်လုံးတိုင်များ ထူးခြားပြောင်မြောက်စွာ ထုစစ်လုပ်ကိုင်ရာ ရတနာပုံမင်းနေပြည်တော်အထိ ကျော်ကြားခဲ့သဖြင့် ယခုအချိန်ထိ ပွတ္တိုင်ကျေးရွာဟု ခေါ်တွင်လျက် ရှိပါသည်။ ကျွန်မတို့ပွတ္တိုင် ကျေးရွာ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ရှုထောင့်အရ အချက်အခြာကျသော နေရာတွင် တည်ရှိပါသည်။ ပွတ္တိုင်ကျေးရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖြစ်ပါသည်။ စိုက်ပျိုးရေး ဆိုလျှင် နွေစပါး၊ မိုးစပါးကို အဓိကစိုက်ပျိုးပြီး အခြားသီးနှံများမှာ နှမ်း၊ ပဲတီစိမ်း၊ ငရုတ်စသည်တို့ စိုက်ပျိုးကြပါသည်။ မွေးမြူရေးဆိုလျှင် နွား၊ ဆိတ်၊ ကြက်၊ ဝက် စသည်များ မွေးမြူကြသည်။ နို့စားနွားများ အဓိကမွေးမြူကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော

ကျေးရွာတစ်ရွာ ဖြစ်၍ ကျေးရွာပတ်ဝန်းကျင်ရှိ လယ်မြေ၊ ယာမြေများမှာ အမြဲတမ်းစိမ်းလန်းစိုပြေ၍ သာယာလှပသော ကျေးရွာတစ်ရွာဖြစ်သည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ပွတ္တိုင်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန်၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ ရာသီဥတုမှန်ကန်ခြင်းမရှိပါ။ လယ်မြေများမှာ ဇော်ဂျီမြစ် ဆည်ရေသောက်ဖြစ်သော်လည်း ဆည်ရေများပေးဝေလျက်ရှိသော ဇော်ဂျီမြစ်နှင့် (၃)မိုင်ခန့်ကွာဝေးသော ကြောင့်စိုက်ပျိုးရေအလုံအလောက်မရရှိပါ။ နွေရာသီတွင်ရေရှားပါးမှုနှင့် ရင်ဆိုင်ရသောအခါတွင်စိုက်ပျိုး ရေရရှိရေးအတွက် မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်းများဖြင့် ထုတ်ယူသုံးစွဲသော်လည်း အလုံအလောက်မရရှိပါ။ စိုက်ပျိုးရေကို ခက်ခဲစွာသုံးစွဲကြရပါသည်။ ယာမြေ (၂၀) ဧက နှင့် လယ်မြေ (၆၁၁) ဧကရှိသည်။ ကျေးရွာ၏ လယ်မြေများအားလုံးအား ဆည်ရေသွင်းစနစ်တစ်ခုတည်းသာ ရာသီအလိုက်အသုံးပြုကြသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ ရေမြေတောတောင် အနေအထားနှင့်မိုးမမှန်မှုကြောင့်ပူပြင်းသောရာသီဥတုကို ခံစားရပါသည်။လယ်ယာမြေများ၏ အနောက်ဘက်တွင် ပန်းလောင်မြစ်ရှိ၍ ပန်းလောင်ရေတက်သောအခါ လွဲမြောင်းမှ ပန်းလောင်မြစ်ရေများ အထက်ဆန်တက်၍ လယ်များတွင် ရေတက်၍ သီးနှံဆုံးရှုံးမှုများရှိတတ်ပါသည်။ ရာသီဥတုပူပြင်းသောကြောင့် သီးနှံများစိုက်ပျိုးရာတွင်လည်း ဆုံးရှုံးမှုများ ရှိတတ်ပါသည်။မြေဆီမြေဩဇာကောင်းမွန်မှုမှာ အသင့်အတင့်ရှိပြီး စိုက်ပျိုးမြေ မှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင်သဘာဝသယံဇာတမထွက်ရှိပါ။ မြေအောက်ရေအသုံးပြုမှုနည်းပါး၍ဆည်ရေဖြင့် လယ်မြေများအား ရေသွင်းစိုက်ပျိုးသည်။

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ပွတ္တိုင်ကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ (၂)ဖွဲ့၊လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၈) ဖွဲ့ ရှိသည်။၄င်းအဖွဲ့အစည်းများသည်၄င်းတို့၏အခန်းကဏ္ဍအလိုက်သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရား

တို့နှင့်ပတ်သက်၍အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ ပွတ္တိုင်ကျေးရွာ၏ ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများ၊ ဘာသာရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့်ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ သာသနာ့အကျိုးတော်ဆောင်များ၊ ဂေါပကလူကြီးများပါဝင်၍ပူးပါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သောလမ်းများ၊ ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲ နိုင်ရန်အတွက်ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက်ရပ်မိရပ်ဖအဖွဲ့မှဦးဆောင်ဆောင်ရွက်ခြင်း၊ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများပါဝင်သော လူငယ်အဖွဲ့ဖွဲ့ကာစီမံခန့်ခွဲဆောင် ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ပရဟိတလူမှု ကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေးဘဏ္ဍာများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေ ခြင်း၊ ကိုယ်ထူကိုယ်ထပရဟိတအဖွဲ့မှလည်းရန်ပုံငွေရရှိရန်အတွက်အလှူမင်္ဂလာဆောင်များတွင် ထမင်းကျွေးတာဝန်ယူပြီး ၎င်းမှရသည့်အခကြေးငွေဖြင့် ရန်ပုံငွေစုစည်းတည်ထောင်ထားပါသည်။ ဆယ်အိမ်မှူးများမှ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျေးရွာမှအခြေပြုစီးပွားရေးလုပ်ငန်းများ အဆင်ပြေစေရန် ချေးငွေ ထုတ်ချေးသည့်အသင်းများနှင့် ဆက်သွယ်ထားပါသည်။လယ်ယာစိုက်ပျိုးရေးဘဏ်၊ရောင်နီဦး သမဝါယမ အသင်း၊ ဘီဂျီအဖွဲ့၊ Two Two Finance စသည့်အဖွဲ့အစည်းများ ရှိပါသည်။ ရွာသူ/ရွာသား များမှာလည်းစည်းလုံးညီညွတ်မှုရှိကြပါသည်။ အခမဲ့ကုသိုလ်ဖြစ်ဆေးပေးခန်းလည်း ရှိပါသည်။ အိမ်ခြေ(၃၈၇) အိမ်စုနှင့် ကျား(၈၁၇)ယောက်၊ မ(၉၂၆)ယောက်၊ လူဦးရေပေါင်း(၁၇၄၃)ယောက်ရှိပြီး ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သည်။ ဗမာလူမျိုး အများစု နေထိုင်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ပွတ္တိုင်ကျေးရွာမှာ အိမ်ထောင်စုအားလုံး၏ သုံးပုံတစ်ပုံသည် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထား လုပ်ကိုင်သူများဖြစ်ကြပြီး အခြားစီးပွားရေးအဖြစ် နိုင်ငံဝန်ထမ်းများ၊ စက်ရုံဝန်ထမ်းများ၊ တပိုင်တနိုင် မွေးမြူရေးလုပ်ငန်းများ၊ လက်သမား၊ ပန်းရံလုပ်ငန်း များနှင့် တောင်သူအငှားများ လုပ်ကိုင်ကြ ပါသည်။ စက်ရုံအလုပ်သမားများမှာ ဘိလပ်မြေစက်ရုံ၊ စွပ်ကျယ် စက်ရုံ၊ ဖိနပ်စက်ရုံ၊ အထည်ချုပ် စက်ရုံများသို့ သွားရောက် လုပ်ကိုင်ကြပါသည်။ ရပ်ဝေးသို့သွားရောက်ကာ ဖရဲ၊ သခွားစိုက်ပျိုး သူများလည်း ရှိသည်။ ဆံသလုပ်ငန်းနှင့် အလှပြင်ဆိုင်လုပ်ငန်းများလည်း ရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေ ကောင်းစွာရရှိပြီး သီးနှံ ထွက်နှုန်း ကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက် ပြန်ပြီး စိုက်ပျိုးရေမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။ လက်သမား၊ပန်းရံနှင့် အခြားကျပန်းလုပ်ငန်း လုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်းအလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင် ရှားပါးမှုနှင့် ရင်ဆိုင်ရတက်ပါသည်။

၄.၎။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ပွတ္တိုင်ကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာစာကြည့်တိုက်၊ ပဏ္ဍိတာရာမအခမဲ့ကုသိုလ်ဖြစ်ဆေးပေးခန်း၊ တိုင်းရင်းဆေးပေးခန်းနှင့် အခြေခံပညာမူလတန်းကျောင်း ရှိပါသည်။ ပဏ္ဍိတာရာမ အခမဲ့ကုသိုလ်ဖြစ်ဆေးပေးခန်းမှာ သုံးထပ်အဆောက်အဦဖြစ်ပြီး ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာအသိပညာပေး ဟောပြောပွဲများအား ကုသိုလ်ဖြစ်ဆေးခန်း အပေါ်ထပ်တွင် ကျင်းပပါသည်။တိုင်းရင်းဆေးပေးခန်းနှင့် ကျေးရွာစာကြည့်တိုက်တို့မှာ နှစ်ထပ်အဆောက်အဦဖြစ်ကြသည်။ကျေးရွာမှ ကိုယ်ထူကိုယ်ထနှစ်ထပ်ဘုရားကြီးလည်းရှိပါသည်။ပွတ္တိုင်ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန် လိုအပ်သည်။လျှပ်စစ်မီးလင်းရေး အခြေအနေမှာ

စုစုပေါင်းအိမ်ထောင်စု၏၃၇.၃၃%သည်မဟာဓါတ်အားလိုင်းကို အသုံးပြုနေကြပါသည်။တစ်ချို့ အိမ်ထောင်စုများဖြစ်သော (၂၄၀) အိမ် (စုပေါင်းအိမ်ထောင်စု၏ (၆၂.၆၆%) ခန့်သည် မဟာဓါတ်အားလိုင်းသုံးစွဲနိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သော အိမ်ထောင်စုများဖြစ်သည်။ လျှပ်စစ်မီးမရရှိသေးသော ကျန်အိမ် ထောင်စုများမှာ ဘတ္ထိမီးနှင့် ဖယောင်းတိုင် သာအသုံးပြုကြသည်။ သယ်ယူပို့ဆောင်ရေးယာဉ်များကို ဇယားတွင်ဖော်ပြထားပါသည်။ စက်ဘီး(၁၄၇)စီး မှာ ရွာတွင်း နှင့် ကျောင်းသားများ ကျောင်းသွားရန် သာ အသုံးပြုကြသည်။ ဆိုင်ကယ် (၃၁၂) စီးမှာ သယ်ယူပို့ဆောင်ရေးဝန်တင်အဖြစ်သုံးပြီး၊ လုပ်ငန်းသုံး အနေဖြင့် သုံးဘီးဆိုင်ကယ် (၅)စီး၊ ထော်လာကျီ (၅) စီးရှိသည်။ ကား (၆) စီးမှာ လုပ်ငန်းသုံးနှင့် အိမ်စီး ကားများဖြစ်သည်။ နွားလှည်းများကိုလည်း သီးနှံများအား သယ်ယူရာတွင် အသုံးပြုကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြု နိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် တီဗွီနှင့်ရေဒီယို ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသော အိမ်များမှာ တီဗွီမှ ဗဟုသုတအစီအစဉ်များနှင့် သတင်းအချက်အလက်များ ဖမ်းယူကြည့်ရှုကြသည်။

၄.စ။ ပညာရေး

ပွတ္တိုင်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းတက်ဦးရေမှာ ကျောင်းသား/သူဦးရေမှာ (၁၀၈)ခန့်ရှိပါသည်။ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာအဆင့်ထိ (၃၀၄) ဦး ခန့် ရှိပါသည်။ လက်ရှိမူလတန်းစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ (၆၅၀၀၀) ရှိသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ ညံ့သည့် အနေအထားရှိပြီး ကျောင်း ပရိဘောဂများ လုံလောက်မှုမရှိသေးပါ။အစိုးရခန့်အဖြစ် ဆရာမ(၅)ဦးအား ခန့်ထားပါသည်။အထက်တန်းပညာ သင်ကြားရန်အတွက် ပွတ္တိုင်ကျေးရွာနှင့် (၂)မိုင်ခန့် ကွာဝေးသော ညောင်ရွေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်သင်ကြားနေရပါသည်။ ထိုကျောင်းသို့ သွားရောက် ရာတွင် ကျောင်းသား/သူများ၏ မိဘများမှ သုံးဘီး(၂)စီးအား တစ်နေ့လျှင် (၃)ခေါက်စုပေါင်းငှားရ၍ သုံးဘီးခလစဉ်ကုန်ကျပါသည်။

ထို့ကြောင့် ထိုအခက်အခဲများကိုကျော်လွှား ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်မှ အခြေခံပညာ အထက်တန်းကျောင်း အဆင့်သို့အဆင့်တိုးမြှင့်၍ ကျောင်းသား/သူများ ကောင်းမွန်စွာ ပညာသင်ကြား နိုင်ရေးအတွက် စာသင်ဆောင်ထပ်မံဆောက်လုပ်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ထားရှိပေးခြင်း၊ ကျောင်းသား/သူများ ဘက်စုံထူးချွန်စေမည့် စီမံချက်များ လုပ်ဆောင် ပေးရန်လိုအပ်လျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ် အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

ပွတ္တိုင်ကျေးရွာတွင် ကုသိုလ်ဖြစ်အခမဲ့ ကျေးလက်ဆေးပေးခန်းရှိသည်။ ကျေးရွာသူ/ကျေးရွာသား များ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ်မျှ သာရှိပြီး အများစုမှာ ကျန်းမာရေးကောင်းမွန်ကြပါသည်။တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်း သော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ် တုတ်ကွေး၊ ဖျားနာဖြစ်ခြင်းတို့ဖြစ်ပေါ်တက်ပါသည်။ ကုသိုလ်ဖြစ်ဆေးခန်းမှ အချိန်ပိုင်းကုသမှုများ ရှိပါ သည်။ သောက်ရေအတွက် အဝီစိစက်တပ်နှင့် တုံကင်တွင်းများ ရှိသည့်အတွက် ရေအခက်အခဲမရှိပါ။ သို့သော် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။ ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ် သာ သုံးစွဲကြပါသည်။

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပွတ္တိုင်ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတု မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့် သည်။

အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနိုင်ခြင်း အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား - မရေးရာ

ပွတ္တိုင်ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ ခွဲခြားမှုသိပ်မရှိပါသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ရွာ၏သာရေးနာရေးကိစ္စများတွင် တက်ညီလက်ညီ စည်းလုံးစွာဖြင့် တာဝန်ယူဆောင်ရွက်ကြပါသည်။ ရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိကြပါသည်။ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးတွင် အမျိုးသားများနှင့် အတူတူအခွင့်အရေးရရှိကြပါသည်။ သို့သော် လုပ်အားခငွေများမှာ အမျိုးသား များမှာ လုပ်ခပိုမိုရရှိကြပါသည်။အမျိုးသမီးရေးရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိပါ။အမျိုးသမီး၊ အမျိုးသားများနှင့် တန်းတူရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက် ကြပါသည်။ ပွတ္တိုင်ကျေးရွာတွင် ကျားမ မရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော် ကြီးလှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလဥပုသ်နေ့များ၌ပိဏ္ဍာပတ်ဆွမ်းလောင်းခြင်း၊ကျေးရွာတွင်းသာရေးနာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက် ကြပါသည်။ ပွတ္တိုင်ကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ်ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးတွင်

လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၅၀၀၀/–) ကျပ် ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက်လုပ်အားခမှာ (၇၀၀၀/_)ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အားလပျမ်းမျှမှာ (၃၀၀၀/–)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၈၀၀၀/ –) ကျပ်ရရှိကြသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေး အဆင့်	စီမံချက်အမည်	ဦးစားပေး အဆင့်
ကျေးရွာတွင်းလမ်းမကြီးကွန်ကရစ်ခင်းခြင်း	၁	ကျန်းမာရေးဆရာမလိုအပ်ခြင်း	၁၁
ကျေးရွာတွင်းလမ်းသွယ်များကွန်ကရစ်ခင်းခြင်း	၂	ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်စပါးမျိုးကောင်းမျိုးသန့်များအား ဈေးနှုန်းသက်သာစွာ ရရှိရေး	၁၂
ချဉ်းကပ်လမ်းကတ္တရာခင်းခြင်း	၃	စာသင်ကျောင်းဆောင်ဆောက်လုပ်ပေးခြင်း	၁၃
ရေမြောင်း (မနော်ရာနာ-က မြောင်း) အဆင့်မြင့်တူးဖော်ပေးရန်	၄	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	၁၄
နာရေးကာကူညီထောက်ပံ့ပေးခြင်း	၅	အားကစားကွင်းဆောက်လုပ်ခြင်း	၁၅
ဆေးပေးခန်းတွင် ဆေးဝါးများထောက်ပံ့ပေးခြင်း	၆	ငါးမွေးမြူရေးကန်များတူးဖော်ပေးခြင်း	၁၆
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင်တန်းများဖွင့်လှစ်သင်ကြားခြင်း	၇	စိုက်ပျိုးမွေးမြူရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	၁၇
ကျောင်းဆရာ/မ အလုံအလောက်ချထားပေးခြင်း	၈	ရွာဈေးတည်ဆောက်ခြင်း	၁၈
ကျန်ရှိအိမ်ခြေများ လျှပ်စစ်မီးလင်းခြင်း	၉	စိုက်ပျိုးရေးလုံလောက်စွာ ရရှိရေး စီမံချက်	၁၉
ကျောင်းကာကူညီထောက်ပံ့ပေးခြင်း	၁၀		

ပွတ္တိုင်ကျေးရွာ၊ ပွတ္တိုင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးညွန့်မောင်	ဦးကျော်ဒင်	၉/ကဆန(နိုင်)၀၃၈၆၂၅	၆၅	ဥက္ကဋ္ဌ	
၂	ဦးထွန်းမြင့်	ဦးနက်	၉/ကဆန(နိုင်)၀၃၇၆၉၄	၆၄	အတွင်းရေးမှူး	၀၉-၂၅၆၀၀၆၅၁၁
၃	ဒေါ်ချယ်ရီဝင်း	ဦးကံလှ	၉/ကဆန(နိုင်)၁၁၅၂၁၅	၄၀	ဘဏ္ဍာရေးမှူး	၀၉-၇၉၃၅၉၉၈၁
၄	ဦးဆန်းမြင့်ဝင်း	ဦးစော	၉/ကဆန(နိုင်)၁၀၇၂၆၂	၄၁	စာရင်းကိုင်	၀၉-၇၆၀၆၆၀၄၉၃
၅	ဒေါ်ခင်စိုးလင်း	ဦးမင်းနိုင်	၉/ကဆန(နိုင်)၁၄၀၈၆၂	၂၇	သေ့ကိုင်(၁)	၀၉-၇၇၉၄၇၇၅၄
၆	ဦးလင်း	ဦးမောင်	-	၃၀	သေ့ကိုင်(၂)	-
၇	ဦးဝေလွင်	ဦးသိန်းအောင်	၉/ကဆန(နိုင်)၁၁၃၃၂၂	၃၉	အဖွဲ့ဝင်	၀၉-၇၈၀၅၇၄၈၄၃
၈	ဦးအေးဝင်း	ဦးပန်	၉/ကဆန(နိုင်)၀၃၈၇၀၇	၅၀	အဖွဲ့ဝင်	၀၉-၇၆၂၉၀၃၂၁၆
၉	ဦးမြခိုင်	ဦးမြမောင်	၉/ကဆန(နိုင်)၀၃၇၆၂၇	၄၆	အဖွဲ့ဝင်	၀၉-၇၈၇၄၈၈၆၃၅
၁၀	ဒေါ်မြင့်မြင့်သန်း	ဦးသက်တင်	၉/ကဆန(နိုင်)၀၃၈၀၈၂	၄၆	အဖွဲ့ဝင်	-
၁၁	ဒေါ်နိုင်မော်	ဦးညို	၉/ကဆန(နိုင်)၁၁၂၀၈၂	၄၅	အဖွဲ့ဝင်	-

၁၂	ဒေါ်ချိုဝေလွင်	ဦးမြမောင်	-	၄၁	အဖွဲ့ဝင်	၀၉-၃၃၅၂၆၄၄၄
၁၃	ဒေါ်နှင်းနှင်းခိုင်	ဦးချမ်းငြိမ်း	၉/ကဆန(နိုင်)၀၃၇၈၉၃	၄၇	အဖွဲ့ဝင်	၀၉-၇၆၀၆၅၉၀၀၆

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၇	၁၄
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄၄	၄၂	၈၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၁	၃၉	၉၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၆	၃၇	၈၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၅၁၄	၅၇၈	၇၃၂
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၂	၄၈	၇၀
စုစုပေါင်း		၆၈၄	၇၅၁	၁၄၃၅
စုစုပေါင်း အိမ်ထောင်စု		၃၈၃		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ပွတ္တိုင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၃၈၃)ရှိပြီး လူဦးရေပေါင်း (၁၄၃၅)ဦး ရှိပါသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးရှိပါသည်။လူဦးရေတိုးပွားနှုန်းမှာ အသင့်အတင့် သာ ရှိသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၆၁၁	သင့်	အနည်းအကျဉ်း	တမုတ်မြောင်း
ယာမြေ	၂၀	သင့်	အနည်းအကျဉ်း	ပန်းလောင်မြစ်
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၆၃၁			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ပွတ္တိုင်ကျေးရွာတွင် လယ်မြေနှင့်ယာမြေများသာရှိပါသည်။လယ်မြေ

များ အတွက် စိုက်ပျိုးရေမှာ လုံလောက်စွာမရရှိသောကြောင့် စပါးသီးနှံများမှာ အထွက်နှုန်း လျော့နည်းပါသည်။ ယာမြေများအတွက် စိုက်ပျိုးရေအား ပန်းလောင်မှ ရေစုတ်စက်ဖြင့် တင်၍ ရယူသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	သင့်	လွယ်
ပျမ်းမျှအပူချိန် – 79˚F	ပျမ်းမျှ မိုးရေချိန် – 86/77˚F	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်။ ။ပွတ္တိုင်ကျေးရွာတွင်ကာဗွန်နှင့် ခါတ်သတ္တု ထွက်ရှိမှုများမရှိပါ။ အခြားသဘာဝအရင်းအမြစ်များအနေဖြင့် လူ၊တိရိစ္ဆာန်တို့အတွက် အသုံးပြုသော အပင်မျိုးစိတ်များမှာ တစောင်းလတ်ပတ်၊ ဆေးခါးကြီး၊ သံမနိုင်ကျောက်မနိုင်၊ သြဇာ၊ ပေါက်ပန်းဖြူ၊ကောရာဇ၊ ဟင်းငြုပ် စသည့်အပင်များအသင့်အတင့်ရှိ၍ ရယူအသုံးပြုရန် လွယ်ကူပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ရပ်မိရပ်ဖ အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ရပ်မိရပ်ဖအဖွဲ့၏ စွမ်းဆောင်ရည် အခြေအနေမှာ ဘာသာရေး၊ သာရေးနာရေး လူမှုဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် စွမ်းဆောင်ကြပါသည်။
၂	လယ်သမား	၁☑ ၂☐ ၃☐	ပညာရေး☐ငွေကြေး☐	လယ်သမားအဖွဲ့မှာ စိုက်ပျိုးရေး၊

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
	အဖွဲ့		ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	မွေးမြူရေးအတွက် အကျိုးဆောင်ပါသည်။
၃	ငွေစုငွေချေး အဖွဲ့	၁☑ ၂☐ ၃☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ငွေစုငွေချေးအဖွဲ့မှာ ချေးငွေလုံလောက်စွာ ပေးနိုင်ခြင်းမရှိပါ။
၄	အမျိုးသမီး အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	အမျိုးသမီးအဖွဲ့မှာ ရပ်ရွာ၏သာရေး နာရေး၊ လူမှုဖွံ့ဖြိုးရေးကို စွမ်းဆောင်ပါသည်။
၅	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	လူငယ်အဖွဲ့မှာ ပညာရေးကို စွမ်းဆောင်ပါသည်။
၆	ကိုယ်ထူ ကိုယ်ထ အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကိုယ်ထူကိုယ်ထအဖွဲ့မှာ ရပ်ရွာ၏ သာရေး နာရေး၊ လူမှုဖွံ့ဖြိုးရေးကို စွမ်းဆောင် ပါသည်။
၇	ပရဟိတ အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ပရဟိတ အဖွဲ့ မှာ ရပ်ရွာ၏ သာရေး နာရေး၊ လူမှုဖွံ့ဖြိုးရေးကို စွမ်းဆောင် ပါသည်။
၈	မီးသတ် အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	မီးသတ်အဖွဲ့မှာ ရပ်ရွာ၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို စွမ်းဆောင် ပါသည်။
၉	မိခင်နှင့် ကလေး စောင့်ရှောက် အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့မှာ ရပ်ရွာ၏ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးကို စွမ်းဆောင် ပါသည်။

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက်
၁၀	မီးလင်းရေး ကော်မတီ အဖွဲ့	၁□ ၂☑ ၃□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	မီးလင်းရေးအဖွဲ့မှာ ရပ်ရွာ၏ မီးလင်းရေးနှင့်ပတ်သတ်သော အရေးကိစ္စများကို စွမ်းဆောင် ပါသည်။

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာ၏ သာရေးနာရေးနှင့် အခြားလူမှုရေး လုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများနှင့် ကျေးရွာ၏အုပ်ချုပ်မှု ဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်း များတွင် ဦးဆောင်၍ ဆောင်ရွက်သည်။ အဖွဲ့အစည်းများအားလုံးသည် ရပ်မိရပ်ဖ၏ အုပ်ချုပ်မှု အောက်တွင်ရှိပြီး ရပ်ရွာ၏အရေးကိစ္စများကို အင်တိုက်အားတိုက် လုပ်ဆောင်ကြပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည် သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧကအထက်	၂.၅-၅ ဧက	၂-၁ ဧက	၁ဧကအောက်
အိမ်အခြေအနေ	(၂)ထပ်တိုက်	(၁)ထပ်တိုက်	ထရံကာ-သွပ်မိုး	ထရံကာ/သွပ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	သုံးဘီးဆိုင် ကယ်၊ ကား၊ ထော်လာကျီ၊ ဆိုင်ကယ်၊ နွားလှည်း	ဆိုင်ကယ်၊ နွားလှည်း၊ စက်ဘီး	ဆိုင်ကယ်၊ စက်ဘီး၊ နွားလှည်း	ဆိုင်ကယ်၊ စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	လုပ်သား	လုပ်သား
အိမ်ထောင်စု	၄၅	၄၈	၆၈	၂၂၂

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ အလွန်မပြေလည်သော အိမ်ထောင်စု တွင် ပါဝင်သောအိမ်ထောင်စုများ

မှာ မြေယာပိုင်ဆိုင်မှုမရှိသော်လည်း ရပ်ဝေးသို့သွားရောက်လုပ် ကိုင်ကြသောအိမ်ထောင်စုများ ဖြစ်သဖြင့် စီးပွားရေးအသင့်အတင့်ရှိကြပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၂၂	၅၈%	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်(၁ ဟတ် တာထိ)	၆၈	၁၇.၇%	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ)	၄၈	၁၂.၅%	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ)	၄၃	၁၁.၇%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်)	၂	၀.၅%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၃၈၃	၁၀၀%	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မြေယာမဲ့အိမ်ထောင်စုများသော်လည်း ၎င်းတို့မှာ စက်ရုံဝန်ထမ်းများ၊ ပန်းရံ၊ လက်သမားလုပ်ကိုင်သောအိမ်ထောင်စုများ၊အဝေးသို့သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုများအများစု ဖြစ်ကြသည်။ ထို့ကြောင့် မြေမဲ့ယာမဲ့ဖြစ်သော်လည်း စီးပွားရေးမှာ အဆင်ပြေကြပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၆၁၁	တင်း	၇၀	၁၀၀	၈၅	သင့်
ငရုတ်	၆	တင်း	၆၀	၁၀၀	၈၀	သင့်
၄ာ်ပျော	၄	စည်း	၂၀	၂၅	၂၂.၅	သင့်
ကုလားပဲ	၁၀	တင်း	၁၀	၁၂	၁၁	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးရိတ်သိမ်းပြီးအချိန်တွင် နှမ်း၊ ဆန္ဒင်းနှင့် ပဲတီစိမ်း၊ မိုးကြိုနွေစပါးများအား စိုက်ပျိုးကြသည်။ နှမ်းအား ၈က(၁၅၀)၊ ဆန္ဒင်း (၁၅)၈က၊ ပဲတီစိမ်း(၁၅)၈ကနှင့် ကျန်သည့်လယ်မြေများအား မိုးကြိုနွေစပါးများ စိုက်ပျိုးကြပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၃၅	၄၂၃
နို့စားနွား	၁၂၅	၂၉၁
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	၂	၆၁
သိုး	-	-
ဝက်	-	-
ကြက်	-	-
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးအနေဖြင့် ပွတ္တိုင်ကျေးရွာတွင် နွား၊နို့စားနွားများနှင့် ဆိတ်များမွေးမြူကြပါသည်။ နို့စားနွားမများအား အဓိကမွေးမြူကြပါသည်။ နွားများအား လယ်ယာလုပ်ငန်းတွင် အသုံးပြုရန် ခိုင်းနွားများအဖြစ် အသုံးပြုကြပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်	-	-	-	-

	ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း	၁	-	၅	လတ်
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး	-	-	-	
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၄	၁၆	၄	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၅	-	၅	လတ်
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)	၈	၂	၆	လတ်
၇	လက်လီ-လက်ကားရောင်း ဝယ်ရေး	၈	-	၈	လတ်
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	၆	-	၆	မြင့်
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၈	၈	-	မြင့်
၁၃	ကျန်းမာရေး	-	-	-	-
၁၄	လူမှုရေး လုပ်ငန်းများ	၁	၃၀	-	နိမ့်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထုတ်ကုန်လုပ်ငန်းအနေဖြင့် ထိုးမုန့်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ ရပ်ဝေးသို့ သွားရောက်လုပ်ကိုင်သော အိမ်ထောင်စုများလည်း ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ကျောက်ဆည်	မန္တလေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☑ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေးနည်း လမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဈေးအနေဖြင့် (၄)မိုင်ခန့်ကွာဝေးသော ကျောက်ဆည်မြို့ရှိ ဈေးကိုသာ အဓိကအားထားနေရပါသည်။ မန္တလေးရှိဈေးချိုအားလည်း တစ်ခါတစ်ရံသွား ရောက်ပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑၂☐၃☐ ၄☐၅☐	ကောင်း☑သင့်☐ ညံ့☐	ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐၂☑၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☑	ပွင့်လင်း ရာသီ☑ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☑၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☑	ပွင့်လင်း ရာသီ☑ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ရွာတွင်းလမ်းအများစုမှာ မြေသားလမ်းဖြစ်သဖြင့် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ချဉ်းကပ်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်သဖြင့် လမ်းမှာညီညာမှုမရှိဘဲ ချိုင့်ခွက်များ၊

ကျောက်တုံးကျောက်ခဲများဖြင့် သွားလာရအဆင်မပြေပါ။ ချဉ်းကပ်လမ်းမှာ (၇)ဖာလုံ ခန့်ရှိပါသည်။

(၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါအကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရေကြောင်းသယ်ယူပို့ဆောင်ရေးအား အသုံးပြုခြင်းမရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သင်္ဘောန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၁၄၇	၃၁၂	၅	၅	၆	-	၅၅

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ပွတ္တိုင်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ကားနှင့်ထော်လာကျီများအား မြို့သို့ သီးနှံသယ်ပို့ရာတွင် အသုံးပြုကြပါသည်။ စက်ဘီးအား ကျောင်းသားကျောင်းသူများ အများဆုံးအသုံးပြုကြပါသည်။ နွားလှည်းအား လယ်ယာများမှ ကျေးရွာသို့ သီးနှံများသယ်ယူခြင်းတွင် အသုံးပြုကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၄၃
ဆိုလာစနစ်	-
အသေးစားရေအားလျှပ်စစ်	--
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-

ရင်းမြစ်	အိမ်ထောင်စု
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်မတ်အားပေးစနစ်	-
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၂၄၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပွတ္တိုင်ကျေးရွာတွင် လျှပ်စစ်ဓါတ်အားကို အသုံးပြုသည့် အိမ်ခြေမှာ ကျေးရွာ၏ (၃)ပုံ(၁)ပုံခန့်သာ ရှိပါသည်။ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကျန်အိမ်များမှာ ငွေကြေးမတက်နိုင်သဖြင့် မီးသွယ်တန်းနိုင်ခြင်း မရှိသေးပါ။ မီးမရရှိသေးသော အိမ်များမှာ ဘတ္ထရီမီးနှင့် ဖယောင်းတိုင်များသုံးစွဲကြပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၄၀၉	၃၁	၁၄၅

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ဆက်သွယ်ရေးအနေဖြင့် ပွတ္တိုင်ကျေးရွာတွင် ဖုန်းအသုံးပြုသူဦးရေ (၄၀၉)ဦးရှိပြီး ဆက်သွယ်ရေးကောင်းမွန်ပါသည်။ ရေဒီယိုနှင့် တီဗွီတို့အား အသုံးပြု၍ သတင်းအချက်အလက်များ ဖမ်းယူကြည့်ရှုကြပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၅၉	၄၈	၁၀၇
အလယ်တန်း	၄၆	၅၈	၁၀၄
အထက်တန်း	၂၆	၃၇	၆၃
တက္ကသိုလ်/ကောလိပ်	၁၂	၁၈	၃၀

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမူလတန်းကျောင်းတွင် ကျောင်းတက်သူဦးရေမှာ ကျားမပေါင်း

(၁၀၈)ယောက်ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း☑ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐			မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ) ☑ အထက်တန်း☐			မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐		
ခ။ရွာမှအကွာအဝေး(မိုင်)	ဝ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			ဝ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			ဝ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☑			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၆၅၀၀၀								
င။အမိုးနံရံအခင်း အရည်အသွေး	ကောင်း☐သင့်☐ညံ့☑			ကောင်း☐သင့်☐ညံ့☐			ကောင်း☐သင့်☐ညံ့☐		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☑			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်		၅	၅						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။စာသင်ကျောင်းတွင် ကျောင်းဆောင်(၃)ဆောင်ရှိ၍ စုစုစုပေါင်း ကြမ်းခင်း

ဧရိယာမှာ(၆၅၀၀၀)စတုရန်းပေရှိပါသည်။၎င်းမှာ စာသင်ကျောင်းအတွင်းရှိ ကျောင်း အဆောက်အဦ အားလုံး၏ စုစုပေါင်းဧရိယာဖြစ်ပါသည်။စာသင်သားများနှင့်စာလျှင် ကျောင်းဆောင် နှင့် ဆရာမ အရေအတွက်မှာ မညီမျှမှုရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းအတွက် ရွာနှင့်(၂)မိုင် ခန့်ဝေး သော ညောင်ရွေကျေးရွာသို့ သုံးဘီးဖြင့် သွားရောက်ရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောြ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၆	တီဘီ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၇	ဆီးချို	*မြင့်*☑	*နိမ့်*☐	*မရှိ*☐
၈	သွေးတိုး	*မြင့်*☑	*နိမ့်*☐	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးဖြစ်ပွားမှုအခြေအနေများမှာ ဆီးချိုနှင့်သွေးတိုးရောဂါ မြင့်မားမှုရှိပါသည်။ကျန်းမာရေးဌာနမှ လာရောက်၍ ကျန်းမာရေးအသိပညာ ဟောပြောပွဲများ လာရောက် ပြုလုပ်ပေးစေချင်ပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	*ရှိ*	*မရှိ*
၁	အဆုတ်ရောဂါ		✓
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု	✓	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓	
၈	အာဟာရပညာပေး အစီအစဉ်		✓

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုမှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့်အသည်းရောင်အသားဝါရောဂါ၊ပိုလီယိုရောဂါ၊ မေးခိုင်ရောဂါ၊ ဝက်သက် ရောဂါ နှင့် အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုတို့ ရှိပါသည်။ အဆုတ်ရောဂါကာကွယ်ဆေးထိုးခြင်း နှင့် အာဟာရပညာပေးအစီအစဉ်များ မရှိပါ။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ငါးလုံကုန်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☑
ဒွေးလှ တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☑ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☑ မရှိ ☐
ကျောက်ဆည် မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☑ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☑ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော အခမဲ့ကုသိုလ်ဖြစ်ဆေးပေးခန်းရှိပါသည်။ ရပ်ရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုသိုလ်ဖြစ်ဆေးခန်း ကို အားထားနေရပါသည်။ ထိုဆေးခန်းမှာ တစ်ပတ်လျှင်(၅)ရက်နှင့် မနက်(၉)နာရီမှ နေ့လည်(၃) နာရီ ထိ၊ တိုင်းရင်းဆေးခန်းမှာ တစ်လလျှင်(၂)ကြိမ် ကျန်းမာရေးစောင့်ရှောက်မှုပေးပါသည်။ ဆေးခန်း ဝန်ထမ်းများမှာ စစ်တပ်မှဆရာဝန်များနှင့် ကျေးရွာမှ သင်တန်းတက်ထားသော အကူဆရာမများ ဖြစ်ကြသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၁၁၄	ကောင်း☐ သင့်☑ ညံ့☐	ရှိ
အဝီစိတွင်း/ စက်တပ်	၁၉၄	ကောင်း☐ သင့်☑ ညံ့☐	ရှိ
အဝီစိတွင်း/ တုံကင်	-	ကောင်း☐ သင့်☐ ညံ့☐	-
မိုးရေသိုလှောင်ကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
မြစ်/ချောင်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-
ရေကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
စိမ့်စမ်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စု (၃၈၃)စုအနက် အိမ်ထောင်စု (၇၅)စုမှာ သောက်သုံးရေကို အနီးပတ်ဝန်းကျင်ရှိ မိမိတို့နှင့်တစ်ဝိုင်းတည်းနေထိုင်သော အိမ်ထောင်စုနှင့်အတူတကွသုံးစွဲပါသည်။ (၃)ရာသီပတ်လုံး သောက်သုံးရေလုံလောက်မှု ရှိပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၂
ရေလောင်း/ယင်လုံအိမ်သာ	၃၆၀
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	၂၁

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အိမ်သာမရှိသောအိမ်ထောင်စုများမှာအိမ်သာရှိသောအိမ်ထောင်စုများနှင့် တစ်ဝန်းထဲတွင်နေထိုင်ကြသဖြင့် သီးခြားအိမ်သာမဆောက်တော့ဘဲအတူတကွသုံးစွဲကြပါသည်။

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ
၃	ရေကြီးခြင်း	မရှိ
၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	ငှက်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	မရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပွတ္တိုင် ကျေးရွာတွင် ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များမရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	ဓါတ်မြေသြဇာပုံမှန်သုံးစွဲရပါသည်။
အပင်မျိုးစိတ်များ	လတ်	အပင်ကြီးများ လျော့နည်းလာပါသည်။
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ	နိမ့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပွတ္တိုင်ကျေးရွာတွင် မြေဆီမြေသြဇာအခြေအနေမှာ အန္တရာယ်ရှိလောက်သည်အထိ မြင့်မားမှုမရှိပါ။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ☑*	*မရှိ☐*
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ☑*	*မရှိ☐*

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။ လေ့လာတွေ့ရှိချက်။ ။ ပွတ္တိုင်ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ရပ်ရွာရေး၊ သာရေးနာရေးများတွင် အမျိုးသားများနှင့် တန်းတူပါဝင်မှုရှိပါသည်။

နောက်ဆက်တွဲ (၃)

ကျောက်ဆည်မြို့နယ်၊ ပွတ္တိုင်အုပ်စု၊ ပွတ္တိုင်ကျေးရွာ၏ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေဖြေရှင်းနည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းစဉ်များ
အခြေခံအဆောက်အဦ					
တစ်နှစ်ပတ်လုံးမြို့နှင့်အခြားကျေးရွာများသို့သွားလာရန် အတွက်ခက်ခဲခြင်း။ (ကျောင်းသွားခြင်း၊ ထွက်ကုန်သယ်ယူပို့ဆောင်ခြင်း)၊ ကား၊ဆိုင်ကယ်များ တိမ်းချော်မှောက်ခြင်း	မြေသားလမ်းဖြစ်ခြင်း မိုးရာသီတွင် ရေများအိုင်နေခြင်း ကျေးရွာတွင်းမှ လှည်း၊ ကား၊ မော်တော်ဆိုင်ကယ်များ အသွားအလာများ ခြင်း၊ လယ်ယာကုန်ထုတ်သမားများမှလည်းအသုံးပြုနေရခြင်း	မူရင်းမြေသားလမ်းမှာ နေရာတော်တော်များများတွင် အောက်ခံမြေအမာခံရှိခြင်းကျေးရွာလမ်းကော်မတီရှိခြင်းကျေးရွာမှ အလှူငွေများ နှင့် လုပ်အားများရရှိနိုင်ခြင်း	ကျေးရွာတွင်းလမ်းသည် ရှည်လျားသော ကြောင့် အလှူငွေများနှင့် လုံလောက်မှု မရှိခြင်း ဆောက်လုပ်ရေး နည်းပညာမရှိခြင်း	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ကျေးလက်ဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်းကျေးရွာ ရန်ပုံငွေစုဆောင်ခြင်း၊ အလှူရှင်များရှာခြင်း၊ တည်ဆောက်ရေးနည်းပညာများအား ဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံ ခြင်း တည်ဆောက်ရေးပစ္စည်းများစုဆောင်းခြင်း	ကျေးရွာတွင်း လမ်းမကြီးကွန်ကရစ်လမ်းခင်းခြင်းစီမံချက်
မိုးရာသီတွင်သွားလာရခက်ခဲခြင်း	မြေသားလမ်းမှာ မညီညာခြင်း ချိုင့်အကြီးစားများရှိနေခြင်း အချို့နေရာများတွင် မိုးရွာက ဗွက်များ ထခြင်း	မူရင်းမြေသားလမ်းရှိခြင်း	လမ်းနယ်နမိတ်မကျယ်ဝန်းခြင်း	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ကျေးလက်ဌာန၊ကျေးလက်လမ်းဌာနတို့ချိတ်ဆက်ဆောင်ရွက်ခြင်းကျေးရွာရန်ပုံငွေ စုဆောင်းခြင်း၊ တည်ဆောက်ရေးနည်းပညာများအား ဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံခြင်း၊	ကျေးရွာတွင်းလမ်းသွယ်များကွန်ကရစ်ခင်းခြင်းစီမံချက်

သီးနှံထွက်ကုန်များသယ်ယူပို့ဆောင်ရာတွင် လမ်းကြမ်းသောကြောင့် ပျက်စီးမှုအနည်းနှင့်အများရှိခြင်း၊ မိုးရာသီတွင် ဗွက်ထ၍သွားလာရခက်ခဲခြင်း	ကျောက်ကြမ်းလမ်းဖြစ်သောကြောင့် သွားလာရခက်ခဲခြင်း၊	သတ်မှတ်လမ်းအကျယ်ရရှိနိုင်ခြင်း၊ အမာခံကျောက်များရှိနေခြင်း	ကျေးရွာအခြေအနေဖြင့် ငွေအား၊ နည်းပညာအားများ မတက်နိုင်ကြခြင်း လူနည်းစုများမှလယ်ယာများမရှိခြင်းကြောင့်ရာနှုန်းပြည့်မပါဝင်ကြခြင်း စက်ယန္တရား များမရှိခြင်း	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ကျေးလက်ဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်းခြင်းတည်ဆောက်ရေး နည်းပညာများအားဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံခြင်းတည်ဆောက်ရေး ပစ္စည်းများ စုဆောင်းခြင်း	ချဉ်းကပ်လမ်းကတ္တရာခင်းခြင်းစီမံချက်
စိုက်ပျိုးရေအခက်အခဲရှိခြင်း၊ စိုက်ပျိုးရေအလုံအလောက်မရရှိခြင်း၊	တူးမြောင်းမှ စိုက်ပျိုးရေလုံလောက်စွာ မလွှတ်ပေးခြင်း	တူးမြောင်းမှာ လက်လှမ်းမီသောနေရာတွင်တည်ရှိခြင်း	တူးမြောင်းအား ခွင့်ပြုချက်ရရှိမှသာ တူးဖော်နိုင်ခြင်း၊	သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ အခက်အခဲတင်ပြခြင်း	ရေမြောင်း (မနေ့ရာဇာ-က မြောင်း) အဆင့်မြှင့်တူးဖော်ပေးခြင်းစီမံချက်
မြို့ဈေးသွားရန်အချိန်ကုန်ခြင်း၊ ဝင်ငွေရလုပ်ငန်းများတွင် အလုပ်ချိန်နည်းပါးရခြင်း	ကျောက်ဆည်မြို့ပေါ်ထိအစစအရာရာသွားရောက်ဝယ်ယူနေရခြင်း ဈေးသွားရန်သီးသန့်ယာဉ်မရှိ၍ မော်တော်ဆိုင်ကယ်များဖြင့် သွားကြရခြင်း	လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ခြင်း၊	မြေနေရာမရှိခြင်း ကျေးရွာအလှူငွေဖြင့် မလုံလောက်နိုင်ခြင်း	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ မြို့နယ်စည်ပင်၊ ကျေးလက်ဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်းခြင်းတည်ဆောက်ရေး နည်းပညာများအားဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံခြင်းတည်ဆောက်ရေးပစ္စည်း	ရွာဈေးတည်ဆောက်ခြင်းစီမံချက်

				များ စုဆောင်းခြင်း	
လျှပ်စစ်					
မဟာဓါတ်အား လိုင်းရှိသော်လည်း ဆင်းရဲသောအိမ်ထောင်စုများ သည်လျှပ်စစ်မီးမရရှိသေးခြင်း	လျှပ်စစ်မီးမရ၍ ချက်ပြုတ်ရေးတွင် အချိန်များပေးရခြင်းအိမ်တွင်း အသေးစားစက်မှုလုပ်ငန်းများမလုပ်နိုင်ခြင်း၊ ကျောင်းသား/သူများ စာလေ့လာရာတွင် အခက်အခဲရှိခြင်း	မီးလင်းရေးကော်မတီရှိခြင်း လျှပ်စစ်မီးရရှိပြီးသား ရွာဖြစ်ခြင်း လျှပ်စစ်မီးခြိတ်ဆက်သွယ်တန်းရန် ဓါတ်တိုင်များ အဆင်သင့်ရှိနေခြင်း	လျှပ်စစ်ကော်မတီသို့ လျှပ်စစ်ကြိုးသွယ်တန်းခပေးသွင်းရန် ငွေကြေးမတက်နိုင်ခြင်း	ကျေးရွာမီးလင်းရေးကော်မတီ၊ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနှင့် အလှူရှင်များ ချိတ်ဆက်ဆောင်ရွက်ရန် အစိုးရအထောက်အပံ့ဖြင့်မီးလင်းခြင်း (သို့) မီးလင်းရေးအတွက် ချေးငွေများချပေးခြင်း	ကျန်ရှိအိမ်ခြေများ လျှပ်စစ်မီးလင်းရေး လုပ်ငန်းစီမံချက်
ကျန်းမာရေး					
အရေးပေါ်ကျန်းမာရေးအခြေအနများ အတွက်ဆေးဝါးများမလုံလောက်ခြင်း၊ အချိန်တို ာာာ ာာာ,,,,တွင်း ဝန်ဆောင်မှု မရရှိခြင်း	ရှေးရိုးစွဲအယူဆများ ရှိနေ၍ ကျန်းမာရေး အသိနည်းပါးခြင်း ဆေးမြီးတိုများဖြင့် ကုသကြခြင်း	ကျေးလက်အခမဲ့ ဆေးပေးခန်းရှိခြင်း ကုသိုလ်ဖြစ် လုပ်အားပေး ဆရာမများ ရှိခြင်း	နိုင်ငံတော်မှ ချထားပေးသော ကျေးလက်ဆေးပေးခန်း မရှိခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျန်းမာရေးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း	ဆေးပေးခန်းတွင် ဆေးဝါးများထောက်ပံ့ပေးခြင်းစီမံချက်
ရာသီအလိုက်ဖြစ်သောရောဂါများ အနည်းစုဖြစ်ကြခြင်း(ဝမ်းပျက်ဝမ်းလျော၊	ရှေးရိုးစွဲအယူဆများ ရှိနေ၍ ကျန်းမာရေး အသိနည်းပါးခြင်း ဆေးမြီးတိုများဖြင့် ကုသကြခြင်း	ကျေးလက်အခမဲ့ ဆေးပေးခန်းရှိခြင်း ကုသိုလ်ဖြစ် လုပ်အားပေး ဆရာမများ ရှိခြင်း	ကျန်းမာရေးဆိုင်ရာအသိပညာများဟောပြောမှုမရှိကြခြင်း	• အယူသည်းခြင်းနှင့်ဆေးရုံ၊ ဆေးခန်းကြောက်ခြင်း ကို ပညာပေး စည်းရုံးခြင်း • ရေနှင့်သန့်ရှင်းရေး ပံ့ပိုးမှုများအတွက် ကျေး/လက်	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း စီမံချက်

ဆီးချိုသွေးချို)				ဦးစီးဌာန နှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း	
လိုအပ်သောအချိန်တွင်ကျန်းမာရေးစောင့်ရှောက်မှုမရရှိခြင်း	**ကျန်းမာရေး ဆရာမ အမြဲတမ်း မရှိခြင်း**	ကျေးလက်အခမဲ့ဆေးပေးခန်းရှိခြင်း ကုသိုလ်ဖြစ်လုပ်အားပေးဆရာမများ ရှိခြင်း	နိုင်ငံတော်မှ မူဝါဒများ ရှိနေခြင်း၊	ကျန်းမာရေး ဝန်ထမ်းများ ခန့်ထား ပေးရန် တောင်းဆိုခြင်း	ကျန်းမာရေးဆရာမ အလုံအလောက်ချထားပေးခြင်းစီမံချက်
နာရေးအတွက် အခက်အခဲရှိခြင်း	နာရေးကားမရှိခြင်း	ကျေးရွာရန်ပုံငွေရှိခြင်း၊ ရွာသူရွာသားများမှ စိတ်ပါဝင်စားခြင်း	ပြည့်စုံသောငွေကြေး မရှိခြင်း	လူမှုကူညီရေးအသင်းများ နှင့် ချိတ်ဆက်မှုရှိခြင်း	နာရေးကားကူညီထောက်ပံ့ပေးခြင်း စီမံချက်
ပညာရေး					
ကျောင်းသူ/သားများ စာသင်ကြားရာတွင် အခက်အခဲရှိခြင်း	ကျောင်းဆောင် မလုံလောက်ခြင်း၊ ဆရာ/မ မလုံလောက်ခြင်း	ကျေးရွာသူ/သားများမှာ ပညာရေးအတွက် စိတ်ဝင်စားမှုရှိခြင်း၊ ကျောင်းသားဦးရေများပြားခြင်း၊ အခြားအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှလည်း လာရောက်သင်ကြားမှုရှိခြင်း၊	နိုင်ငံတော်မှ မူဝါဒများ ရှိနေခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကြေး မတက်နိုင်ခြင်း၊	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ နှင့် ပညာရေးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျေးရွာရန်ပုံငွေစုဆောင်းခြင်း၊သင်ထောက်ကူ ပစ္စည်းများ ထောက်ပံ့ပေးခြင်း/ အားပေးကူညီကြခြင်း	စာသင်ကျောင်းဆောင် ဆောက်လုပ်ပေးခြင်း စီမံချက် ကျောင်းဆရာ/မ အလုံအလောက်ချထားပေးခြင်း စီမံချက်
အလယ်တန်းနှင့် အထက်တန်း ကျောင်းသား/သူများ ကျောင်းတက်	အခြားကျေးရွာသို့ သွားရောက်သင်ယူရခြင်း	ကျောင်းသား/ သူ များ ပညာရေး စိတ်ပါဝင်စားမှု ရှိကြခြင်း၊	မူလတန်းကျောင်းအား အဆင့်မြှင့်တင်ရန် နိုင်ငံတော်မှ မူဝါဒများ ရှိနေခြင်း၊	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ မိဘဆရာ အသင်း၊ ပညာရေးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျောင်းကားကူညီထောက်ပံ့ပေးခြင်း စီမံချက်

ရာတွင် အခက်အခဲရှိခြင်း၊ ယာဉ် အန္တရာယ်ရှိ ခြင်း			ပြည့်စုံသောငွေကြေး မရှိခြင်း	ကျေးရွာရန်ပုံငွေစုဆောင်းခြင်း	
စိုက်ပျိုးရေး					
သီးနှံများအထွက်နှုန်းကျဆင်းခြင်း	ရေသွင်းမည့်အချိန်တွင် ရေများလုံလောက်စွာ မသွင်းနိုင်ခြင်း	တောင်သူများမှ မြောင်းများကို ကောင်းမွန်စွာ တူးဖော်ထားခြင်း	တရားမဝင်ပြွန်များ တပ်ဆင်မှုများရှိခြင်း	ကျေးရွာအုပ်ချုပ်ရေးမှူး၊ တောင်သူများနှင့် ဆည်မြောင်းဌာနတို့ ချိတ်ဆက်ဆောင်ရွက်ရန်	စိုက်ပျိုးရေးလုံလောက်စွာ ရရှိရေး စီမံချက် စိုက်ပျိုးရေးအတွက်စက် ရေတွင်းများတူးဖော်ခြင်း
အထွက်နှုန်း နည်းပါးခြင်း	စိုက်ပျိုးရေးကို လုပ်ကိုင်နေသော် လည်း နည်းပညာ ပိုင်းတွင် အားနည်းခြင်း	မြို့နှင့် မနီးမဝေးတွင် ကျေးရွာတည်ရှိခြင်း၊ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ခြင်း	စိုက်ပျိုးရေ မလုံလောက်ခြင်း၊ ရာသီဥတုမမှန်ခြင်း	စိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေးအဖွဲ့အစည်းများ နှင့် ချိတ်ဆက်မှုရှိခြင်း	စိုက်ပျိုးမွေးမြူရေးအသိပ ညာပေးဟောပြောပွဲ များ ပြုလုပ်ခြင်း စီမံချက်
တောင်သူများ အမြတ်ရရှိမှု နည်းပါးခြင်း၊	သွင်းအားစု မြင့်မားခြင်း	မြို့နှင့် မနီးမဝေးတွင် ကျေးရွာတည်ရှိခြင်း၊ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ခြင်း	ရွာသူရွာသားများမှာ လေ့လာမှုအားနည်းခြင်း၊ သုံးစွဲရာတွင် နည်းလမ်းဟောင်းအား မပယ်လိုခြင်း၊	စိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေးအဖွဲ့အစည်းများ နှင့် ချိတ်ဆက်မှုရှိခြင်း	ဓါတ်မြေဩဇာ၊ပိုးသတ် ဆေးနှင့်စပါးမျိုး ကောင်းမျိုးသန့်များ အား ဈေးနှုန်းသက်သာ စွာ ရရှိရေးစီမံချက်
မွေးမြူရေး					
ငါးမွေးမြူရေးလုပ်ကိုင် လိုသော်လည်း အခက်အခဲရှိခြင်း	ငါးမွေးမြူရေးလုပ်ကိုင် ရန် ကန်မရှိခြင်း	ငါးမွေးမြူရေး အတွေ့ အကြုံရှိခြင်း	ပြည့်စုံသောငွေကြေး မရှိခြင်း	မွေးမြူရေးဌာနနှင့် ချိတ်ဆက်မှုရှိခြင်း	ငါးမွေးမြူရေးကန်များတူ ားဖော်ပေးခြင်း စီမံချက်
လူငယ်					
လူငယ်များ အားကစားနှင့်	အားကစားလုပ်ရန် နေရာ	အားကစားဘက်တွင် စိတ်အားထက်သန်သော	လူငယ်များ Social Media ဖြစ်သော	အားကစားနှင့်ကာယပပညာ အဖွဲ့နှင့် ချိတ်ဆက်၍ ပြိုင်ပွဲ	အားကစားကွင်း ဆောက်လုပ်ခြင်း

ပတ်သတ်၍ လိုက်စားမှု နည်းပါးလာခြင်း	ကျယ်ကျယ်ဝန်းဝန်း မရှိခြင်း၊	လူငယ်များရှိခြင်း၊ ကျန်းမာသန်စွမ်းသော လူငယ်များ ရှိခြင်း	Facebook, Viber ပေါ်တွင်သာ အချန်ကုန်နေခြင်း	များတွင် ပါဝင်ယှဉ်ပြိုင်ခြင်း	စီမံချက်
လူငယ်များအတွက် အလုပ်အကိုင်အခွင့် အလမ်းများနည်း ပါးခြင်း	အတတ်ပညာနှင့် အသိပညာ အားနည်းခြင်း	ပညာတတ်ဦးရေ များပြားခြင်း၊ လူငယ်လူရွယ် များပြားခြင်း	မိရိုးဖလာလယ်လုပ်ငန်း နှင့် ကျေးရွာအနီး ပတ်ဝန်းကျင် တွင် သာ လုပ်ကိုင်လို ခြင်း	မိမိရွာအနီးပတ်ဝန်းကျင် တွင်သာ အလုပ်လုပ် ကိုင်နိုင်ရန် အသက်မွေးဝမ်းကျောင်း သင်တန်းများတက်ခြင်း	အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများအ တွက် သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း စီမံချက်